# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၃၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

## (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို နံနက် ၁၀း၁၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၈ ဦးရှိတဲ့အနက် ၃၄၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၁.၆၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါမယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၂ ရက်၊

(၂) ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း ခွင့် ၆ ရက်၊

(၃) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း ခွင့် ၁ ရက်၊

(၄) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၂ ရက်၊

(၅) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၆) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် ခွင့် ၁ ရက်၊

(၇) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၂ ရက်၊

(၈) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၉ ရက်၊

(၉) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၂ ရက်၊

(၁၀) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ခွင့် ၂ ရက်၊

(၁၁) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး ခွင့် ၂ ရက်၊

(၁၂) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၂ ရက်၊

(၁၃) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၂ ရက်၊

(၁၄) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ၂၀-၁၁-၂၀၁၄ မှ အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၅) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၂ ရက်၊

(၁၆) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၂ ရက်၊

(၁၇) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၁၈) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၁ ရက်၊

(၁၉) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၁ ရက်၊

(၂၀) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၂၁) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၂ ရက်၊

(၂၂) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

(၂၃) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၂ ရက်၊

(၂၄) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၂ ရက်၊

(၂၅) ပေါင်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၂ ရက်၊

(၂၆) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၆ ရက်၊

(၂၇) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၂၈) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်၊

(၂၉) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ်(ခ)ဦးခမိုင်တန် ခွင့် ၂ ရက်၊

(၃၀) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၂ ရက်၊

(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် ခွင့် ၂ ရက်၊

(၃၂) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၂ ရက်၊

(၃၃) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၂ ရက်၊

မူကြမ်း

(၃၄) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၂ ရက်၊

(၃၅) ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ဌေးအောင် ခွင့် ၁ ရက်၊

(၃၆) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၃၇) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၃၈) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၂ ရက်၊

(၃၉) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၂ ရက်၊

(၄၀) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်နှင့်

(၄၁) ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦး ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၇၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမည်။

**ကျောက်ကပ်အစားထိုး ကုသမှုခံယူရန် လိုအပ်သည့်လူနာများအတွက် လူနာ၏ အမိ၊ အဘ၊ ညီအစ်ကို မောင်နှမ ရင်းချာသာမက Tissue အမျိုးအစားတူသူ၊ သင့်လျော်သူတို့ကို လှူဒါန်းခွင့်ပြုရန် ကိုယ်အင်္ဂါ အစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ရွှေဘိုမဲဆန္ဒနယ် ဒေါက်တာအောင်သန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျောက်ကပ်အစားထိုးကုသမှုကို ၁၉၉၇ ခုနှစ်ကစပြီးတော့ ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးမှာ ခွဲစိတ်ကုသပေးခဲ့ပါတယ်။ အောင်မြင်မှုတွေ အများကြီးရရှိခဲ့ပါတယ်။ ကျောက်ကပ်အစားထိုးကုသမှုရဲ့ ငါးနှစ်အထိ အသက်ရှင်နှုန်းဟာ ၇၃ ရာခိုင်နှုန်းရှိတဲ့အတွက်ကြောင့် အောင်မြင်မှုမြင့်မားတယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ သို့သော် ၂၀၁၄ ခုနှစ်နောက်ပိုင်း အခုအချိန်အထိ ကျောက်ကပ်အစားထိုးကုသမှုဟာ အနည်းငယ်သာ ကုသပေးနိုင်ကြောင်း သိရှိရပါတယ်။ ကုသမှုများ နည်းပါးသွားရတဲ့အကြောင်းအရင်းကို လေ့လာကြည့်တဲ့အခါမှာ ပြဿနာက ဘာလဲဆိုတော့ ကျောက်ကပ်လှူဒါန်းတဲ့သူသည် လူနာ၏ အမိ၊ အဘ၊ ညီအစ်ကို မေ ရင်းချာများသာဖြစ်ရမည်ဟူသော ညွှန်ကြားချက်အရ ဝမ်းကွဲညီအစ်ကိုများ၊ မောင်နှမများ၊ အခြားဆွေမျိုးမတော်စပ်သူများက လှူချင်သော်လည်း လှူခွင့်မရဖြစ်နေသောကြောင့် သိရပါတယ်။ အခြားနိုင်ငံတွေမှာ ဆွေမျိုးမတော်စပ်သော်လည်း Tissue Typing လို့ခေါ်တဲ့ Classing အမျိုးအစားတူလျှင် ကျောက်ကပ်လှူလို့ရတယ်လို့ သိရပါတယ်။ သို့ပါ၍ အခြားနိုင်ငံများကဲ့သို့ ကျောက်ကပ်လှူဒါန်းသူများ ရရှိနိုင်ရန် Tissue Typing တူသူ၊ သင့်လျော်သူ ဥပမာ - ဝမ်းကွဲမောင်နှမများ၊ ဦးလေး၊ အဒေါ် စသည်တို့ကို လှူဒါန်းခွင့်ပြုရန် Organ Transplant လို့ခေါ်တဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသခြင်းနှင့် ပတ်သတ်ပြီးတော့ ရှိပြီးသားဥပဒေဖြစ်တဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိနဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေကို

ပြင်ဆင်ရေးဆွဲပြီးစီးမှု အခြေအနေကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါတယ်။ စစ်ကိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အခြားနိုင်ငံများကဲ့သို့ ကျောက်ကပ်လှူဒါန်းသူများရရှိနိုင်ရန်အတွက် Tissue Typing တူသူ၊ သင့်လျော်သူ ဥပမာ - ဝမ်းကွဲမောင်နှမများ၊ ဦးလေး၊ အဒေါ် စသည်တို့ကို လှူဒါန်းခွင့်ပြုရန် Organ Transplant နှင့်ပတ်သက်၍ ကိုယ်အင်္ဂါ အစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရန် အစီအစဉ်ရှိ/ မေးမြန်းခြင်း အပေါ် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာကိစ္စတွင် ဦးနှောက်သေဆုံးသူများ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းလှူဒါန်းခြင်းနှင့် သက်ရှိထင်ရှားရှိသူများ၏ ကိုယ်အင်္ဂါအစိတ်အင် လှူဒါန်းခြင်းဟူ၍ နှစ်မျိုးနှစ်စားရှိပါတယ်။ ဦးနှောက်သေဆုံးသူများ၏ ကိုယ်အင်္ဂါအစိတ်အပိုင် လှူဒါန်းခြင်းတွင် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသည့်အတိုင်း Tissue Typing နှင့် အခြား Type များ ကိုက်ညီမှုရှိ/မရှိစစ်ဆေး၍ ကိုက်ညီမှုရှိပါက အစားထိုးကုသပေးနိုင်သော်လည်း သက်ရှိထင်ရှားရှိသူများ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းတွင်မူ လူသားတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ တရားမဝင်ရောင်းဝယ်မှု၊ မသမာနည်းများဖြင့်ရယူမှုများ မဖြစ်စေနိုင်ရန်ရည်ရွ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေအသစ်အား ပြန်လည်ရေးဆွဲလျက်ရှိပါတပ ထိုသို့ရေးဆွဲရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှကြီးကြပ်၍ ကျွမ်းကျင်သူ သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများ၊ ဆက်နွယ်သည့်ပါရဂူများ၊ ဥပဒေဆိုင်ရာကျွမ်းကျင်သူများ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများဖြင့် ဆွေးနွေးရေးဆွဲလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေတွင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားသည့် ကျော လှူဒါန်းခြင်းတစ်ခုတည်းသာမကဘဲ အခြားကိုယ်အင်္ဂါအစိတ်အပိုင်းများကိုပါ လှူဒါန်းခွင့်ရရှိနိုင်ရေးနှင့် အမှန်တကယ်လှူဒါန်းခွင့်ရရှိသူအားလုံး လှူဒါန်းခွင့်ရရှိရေးတို့ကို ဆွေးနွေးရေးဆွဲလျက်ရှိပါတယ်။ ၎င်းအပြင်

စနစ်တကျစစ်ဆေး လျှုဒါန်းနိုင်ရေးကိစ္စများပါ ဥပဒေတွင် ပါဝင်နိုင်ရေးအတွက် ရေးဆွဲလျက်ရှိ ကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်အင် အစိတ်အပိုင်းလျှုဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်ရေးဆွဲမှုအခြေအနေ မည်သို့ရှိသနည်း သိရှိလိုပါကြောင်းနှင့်ပတ်သက်၍ ကျွမ်းကျင်သူပုဂ္ဂိုလ်များ၊ ဥပဒေပညာရှင်များနှင့် အခြားသက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ရေးဆွဲမှုများ အားလုံးပြီးစီးပြီဖြစ်၍ နောက်ဆုံး အသေးစိတ်ဆွေးနွေးမှုပြုလုပ်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ပြီး ဖြစ်ရာ ၁၇-၁၁-၂၀၁၄ ရက်နေ့တွင် သဘောထားမှတ်ချက် ပြန်လည်ရရှိပြီဖြစ်ပါတယ်။ ၎င်းသဘောထားမှတ်ချက်အပေါ် ပြုပြင်စရာရှိတာများ ပြင်ဆင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆက်လက်ဆောင်ရွက်တင်ပြသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒီဂျစ်တယ်စနစ်သုံး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်ရုံ မည်မျှရှိပြီး ဒစ်ဂျစ်တယ်တီဗွီအစီအစဉ် ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ကြားခံစက်များ အခမဲ့ဖြန့်ဝေပြီးစီးမှုကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုးမိုးအောင်၊ ဘီးလင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄-၂၀၁၅ အမျိုးသားစီမံကိန်းရဲ့ လူမှုရေးကဏ္ဍနှင့်စပ်လျဉ်းပြီး ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မယ်လို့ ဖော်ပြထားတဲ့လုပ်ငန်းစဉ် ၃၃ ခုရှိပါတယ်ခင်ဗျား။ အဲ့ဒီလုပ်ငန်းစဉ် ၃၃ ခုအနက် အမှတ်စဉ် (စ)၊ (ဆ)မှ အောက်ပါအတိုင်း ဖော်ပြထားတာတွေ့ရှိရပါတယ်။ Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်မည့် နယ်မြေများရှိ အခြေခံလူတန်းစားများသို့ Digital TV အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ကြားခံစက်များ ဝယ်ယူ၍ အခမဲ့ဖြန့်ဝေပေးခြင်းဖြင့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည်လို့ ဖော်ပြထားတာ တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ၎င်းရဲ့လုပ်ငန်းစဉ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်း(၁) Analogue စနစ်မှ Digital စနစ်သို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်ရုံများအဖြစ် ပြောင်းလဲတပ်ဆင်နေတဲ့စက်ရုံ မည်မျှရှိသည်ကို သိရှိလိုပါတယ်။ မေးခွန်း(၂) Digital စနစ်သို့ ပြောင်းလဲတပ်ဆင်ပြီးနောက် ၎င်းနယ်မြေများမှာရှိတဲ့ အခြေခံ

လူတန်းစာများကို Digital TV အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ကြားခံစက်များ အခမဲ့ ဖြန့်ဝေပေးခြင်းဆိုတဲ့ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်မှ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါဝ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ဝန်ကြီးဌာနကိုယ်စား ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေနဲ့ ရုပ်သံ Channel တစ်ခုနှင့် ရုပ်သံလိုင်းတစ်လိုင်းတည်း ထုတ်လွှင့်နိုင်သည့် Analogue စနစ်ကနေပြီးတော့ မှ ရုပ်သံ Channel တစ်ခုတည်းနဲ့ ရုပ်သံလိုင်း ၁၅ လိုင်းအထိ တိုးချဲ့ထုတ်လွှင့်နိုင်တဲ့ Digital စနစ် DVB- T2 ကို အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ပထမအဆင့်မှာ စက်ရုံကြီးသုံးရုံဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှာ Digital စနစ်သို့ ကူးပြောင်းထုတ်လွှင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ စတင်ထုတ်လွှင့်ခဲ့ပါတယ်။ အဆိုပါ စက်ရုံများမှ Digital ရုပ်သံလိုင်းများဖြစ်တဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလိုင်း၊ တိုင်းရင်းသား လူမျိုးများ ရုပ်သံလိုင်း၊ လွှတ်တော်ရုပ်သံလိုင်း၊ တောင်သူလယ်သမားရုပ်သံလိုင်း၊ စာဖတ်သူတို့ ရုပ်သံလိုင်းနှင့် Myanmar International ရုပ်သံလိုင်းစတဲ့ ခြောက်လိုင်းကို ထုတ်လွှင့်ပေးလျက်ရှိပါ တယ်။ ဒုတိယအဆင့်အနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ မှာ စက်ရုံ ၂၂ ရုံကို Digital စနစ်သို့ ပြောင်းလဲတပ်ဆင်ပြီး ဖြစ်ပါတယ်။ တတိယအဆင့်အနေနဲ့ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ စက်ရုံ ၆၈ ရုံမှာ Digital စနစ်သို့ ပြောင်းလဲတပ်ဆင်နိုင်ရေးအတွက် စက်ပစ္စည်းများ ဝယ်ယူပြီးဖြစ်ပါတယ်။ ၎င်းတို့အနက် အချို့ရောက်ရှိပြီးဖြစ်ရာ လွှင့်စက်များတပ်ဆင် ရေး ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ Digital စနစ်သို့ ကူးပြောင်းပြီး စက်ရုံ ၂၅ ရုံရှိပြီး ကူးပြောင်းရန် တပ်ဆင်ဆဲ ၆၈ ရုံရှိကြောင်း တင်ပြအပ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ စတုတ္ထအဆင့်အနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ စက်ရုံ ၁၀၀ ရုံ၊ အဋ္ဌမအဆင့်အနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ စက်ရုံ ၅၆ ရုံတို့ကို Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလက်အောက်ရှိ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံအားလုံး Digital စနစ်ကို ပြောင်းလဲတပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမယ့်အပြင် လက်ရှိထုတ်လွှင့်နေတဲ့ Digital ရုပ်သံလိုင်း ခြောက်လိုင်းကိုလည်း ၁၄ လိုင်းအထိ တိုးချဲ့ထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူများအနေနဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်တဲ့ Digital စနစ် ရုပ်သံလိုင်းများ အခမဲ့ကြည့်ရှုနိုင်ရန်အတွက် လူနေမှုအဆင့် (E) ရှိတဲ့ အိမ်ထောင်စုများနဲ့ Community အဖွဲ့အစည်းများဖြစ်တဲ့ စီးပွားဖြစ်မဟုတ်သော ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်း၊ လူအိုရုံ၊ စာကြည့်တိုက်၊ သာရေး/နာရေး လူမှုရေးအသင်းများကို အခမဲ့ Set-Top Box များ ဖြန့်ဝေပေးရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခုအချိန်ထိ Set-Top Box(ကြားခံစက်) အခမဲ့ဖြန့်ဝေလှူဒါန်းမှုအခြေအနေမှာ လူမှုအဆင့် (E) ရှိ အိမ်ထောင်စုများအတွက် ၂၅၆၈၁၄ လုံး၊

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ Community များအတွက် ၃၉၇၆၀ လုံး စုစုပေါင်း Set-Top Box ၃၀၄၉၄၄ လုံး ဖြန့်ဝေပေးပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် Set-Top Box အလုံးရေ ၁၀၆၀၀၀ ခန့် တင်ဒါစနစ်ဖြင့် ဝယ်ယူပြီးဖြစ်ပါတယ်။

အထက်က ကျွန်တော်တင်ပြခဲ့တဲ့ ပြောင်းလဲရန်ဆောင်ရွက်ဆဲ စက်ရုံ ၆၈ ရုံမှာ Digital စနစ် ပြောင်းလဲပြီးလို့ရှိရင် ယခုဝယ်ယူတဲ့ Set-Top Box များကို သက်ဆိုင်ရာ မြို့နယ်များရှိ ပြည်သူများသို့ ဆက်လက်ပြီး အခမဲ့ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ Set-Top Box များကို ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးရာမှာ တိုက်ရိုက်ဖြန့်ဝေပေးခြင်းမရှိဘဲနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစီအစဉ်ဖြင့် ပြည်သူများကို ဆက်လက် အခမဲ့ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ဥပဒေကြမ်းကော်မတီက ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်းကော်မတီက ၂၀၀၈ ခုနှစ်၊ ပြည်ထောင်၊ သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ကိုအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းတင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြ ကော်မတီအား တင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသောဧည့်သည်များ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကေ အတွင်းရေးမှူး ဦးစောလှထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီကိုယ်စား ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါ တယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ၂၀၁၃ ခုနှစ် မတ်လမှာ ကျင်းပခဲ့တဲ့ ကျွန်တော်တို့ လွှတ်တော်ရဲ့ ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ဝက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သူရဦးအေးမြင့်က ပြည်သူ့လွှတ်တော်နှင့်ပြည်ထောင်စုလွှတ်တော်တို့ကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီ သို့မဟုတ် ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက် ရေးအတွက် ပြည်သူ့လွှတ်တော်နှင့်ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်း ခဲ့ပါတယ်။ အဲ့ဒီတင်သွင်းချက်ကို လွှတ်တော်နှစ်ရပ်လုံးကလည်း အတည်ပြုခဲ့ပါတယ်။ အတည်ပြု အဆိုကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၃ အရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ် ၁၀၉ ဦးဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီကိုလည်း ဖွဲ့စည်းခဲ့ ပါတယ်။ အဲ့ဒီပူးပေါင်းကော်မတီဟာ ပြည်သူလူထုထံမှ အကြံပြုစာပေါင်း ၂၈၂၄၇ စောင်၊ အကြံပြု ချက်ပေါင်း ၃၂၃၁၁၀ ကိုလက်ခံရရှိခဲ့ပြီး အဲ့ဒီအစီရင်ခံစာကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ဖြစ်တဲ့ ၃၁-၁-၂၀၁၄ ရက်နေ့မှာ တင်သွင်းခဲ့ပါတယ်။ အစီရင်

ခံစာကို သုံးသပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ကော်မတီအဖွဲ့ဝင် ၃၁ ဦးပါရှိသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ကော်မတီ၏ အစီရင်ခံစာကို ၂၂-၁၀-၂၀၁၄ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၆) ရက်မြောက်နေ့မှာ တင်သွင်းခဲ့ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦးအား ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ကစတင်ပြီးတော့ လွှတ်တော်အစည်းအဝေးမှာ ဆွေးနွေးလျက်ရှိကြပါတယ်။ အဲ့ဒီလိုဆွေးနွေးလို့ ရရှိလာတဲ့အချက်များအပေါ်မှာမူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်ရမပ လုပ်ငန်းစဉ်များရှိပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့စပ်လျဉ်းပြီး ပြင်ဆင်သင့်တဲ့အချက်များကို လွှတ်တော်ကစဉ်းစားနိုင်ဖို့ တင်ပြကြပါတယ်။ မပြင်ဆင်သင်ကြောင်း ဆွေးနွေးချက်များလည်းရှိပါတယ်။ အများပြည်သူကလည်း ပြင်ဆင်‌ ့တဲ့ အချက်တွေ ပြင်ဆင်နိုင်ဖို့ကို လွှတ်တော်ရဲ့ဆောင်ရွက်ချက်များကို စောင့်မျှော်လျက်ရှိကြပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှာ အခုလိုအခြေအနေနဲ့ အချိန်အခါအရ ပြင်ဆင်သင့်တဲ့ အချက်များကို ပြင်ဆင်နိုင်ရေးဟာ ဥပဒေပြုအဖွဲ့အစည်းများပီပီ နည်းလမ်းတကျဆောင်ရွက်သွ ကြရမှာဖြစ်ပါတယ်။ ဘယ်အချက်တွေကို ပြင်မယ်။ ဘယ်အချက်တွေကတော့ တ်တော်ရဲ့ ဆုံးဖြတ်ချက်နဲ့ပြင်မယ်။ ဘယ်အချက်တွေကတော့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးမှ ပြင်လို့ရမယ်။ ဒါဆိုရင် ကျွန်တော်တို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပေးဖို့ ဥပဒေတစ်ရပ်အရင်ဆုံးပြဋ္ဌာန်းဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အဲ့ဒီအချက်ကို လွှတ်တော်ဥက္ကဋ္ဌကြီးက အမြော်အမြင်ကြီးစွာနဲ့ ပြုစုတင်ပြဖို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကို တာဝန်ပေးမှုအပေါ်မှာ ဥပဒေကြမ်းကော်မတီကလည်း ဂုဏ်ယူစွာနဲ့ ယခင်ဥပဒေအဟောင်းကို အခြေခံပြီးတော့ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ အကြံပြုချက်များနှင့် အကူအညီကိုရယူကာ ကြိုးစားပြီးတော့ ပြုစု ခဲ့ကြပါတယ်။ ဒီနေရာမှာ အလျင်းသင့်လို့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ရဲ့ သမိုင်းကြောင်းကို ပြန်လည်သတိပြုဆင်ခြင်မိပါတယ်။ ၁၉၉၂ ခုနှစ်မှာ ဖွဲ့စည်းပုံ‌ ခြေခံဥပဒေပေါ်ပေါက် ရေးအကြိုညှိနှိုင်းအစည်းအဝေးကို တပ်မတော်ကပဲ ဦးစီးကျင်းပပေးခဲ့ပါတယ်။ အဲ့ဒီအချိန်က နိုင်ငံရေးပါတီ ၁၀ ပါတီက တက်ရောက်ဆွေးနွေးအကြံပြုခဲ့ကြတာအားလုံး အမှတ်ရကြအုံးမှာပါ။ အကြိုညှိနှိုင်းဆွေးနွေးပွဲရဲ့ရလဒ်တွေကို အခြေခံပြီးတော့ ၁၉၉၃ ခုနှစ်မှာ ကျိုက္ကဆံကွင်းမှာ အမျိုးသားညီလာခံ

ကြီးကို ကျင်းပခဲ့ပါတယ်။ ဒါကလည်း တပ်မငေ အစိုးရကပဲ စီစဉ်ကျင်းပပေးခဲ့ခြင်းဖြစ်ပါတယ် နိုင်ငံရေးပါတီကြီးများက ကိုယ်စားလှယ်တွေ၊ ရွေးကောက်ခံကိုယ်စားလှယ်တွေ၊ အခြားဖိတ်ကြ သင်တဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေအပါအဝင်၊ အစုအဖွဲ့ ၈ ဖွဲ့ရဲ့ ဆွေးနွေးချက်များနဲ့ ပထမဆုံး အခြေခံမူ ၁၀၄ ချက်ကို ချမှတ်နိုင်ခဲ့ပါတယ်။ အဲ့ဒီအခြေခံမူ ၁၀၄ ချက်ချမှတ်ရာမှာ အားလုံးပါဝင်သဘောတူခဲ့တာ ကျွန်တော်ကိုယ်တိုင်တက်ရောက်ခဲ့တာမို့လို့ သတိပြုခဲ့မိပါတယ်။ အဲ့ဒီ အမျိုးသားညီလာခံကြီးဟာ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေးစတဲ့အခန်းများမှာ ပါဝင်သင်တဲ့အချက်တွေကို ဆွေးနွေးပြီး အခြေအနေအရ ၁၉၉၆ ခုနှစ်မှာ ရပ်နားခဲ့ပါတယ်။ ၂၀၀၄ ကနေ ၂၀၀၇ ခုနှစ်အထိ တပ်မတော်အစိုးရကပဲ စီစဉ်ပေးမှုနဲ့ အခြေခံရမည့်အချက်များကို ကျွန်တော်တို့ အမျိုးသားညီလာခံမှာ ကျင်းပခဲ့ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး၊ အခြေခံဥပဒေရေးဆွဲရေးကော်မတီတို့ကို ဖွဲ့စည်းပြီးပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးအတည်ပြုခဲ့ပါတယ်။ အဓိက ကျွန်တော့်အနေနဲ့ တင်ပြလိုတဲ့အချက်ကတော့ (၁) တပ်မတော်က ဦးဆောင်ကျင်းပပေးရင်းလမ်းခင်းပေးခဲ့ခြင်းဖြစ်ပါတယ်။ (၂) အဲ့ဒီခေတ်၊ အဲ့ဒီအချိန်အခါက နိုင်ငံတော်အတွက် အကောင်းဆုံးနှင့်အသင့်တော်ဆုံးဆိုတဲ့အချက်များနဲ့ အတည်ပြုခဲ့ခြင်းဖြစ်တယ်ဆိုတာကို ဒါထည့်သွင်းတင်ပြလိုပ်တယ်။ ယခုအခါ အခြေအနေနဲ့ အချိန်အခါအရ ပြင်ဆင် တဲ့အချက်တွေ လက်တွေ့လုပ်ငန်းလုပ်ကိုင်ရာမှာ ကျွန်တော်တို့ တွေ့ကြုံရတဲ့အခက်အခဲတွေ၊ ခေတ်စနစ်ရဲ့လိုအပ်ချက်တွေအရ ပြင်သင့်တယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ရင်ထဲမှာရှိနေကြပါပြီ။ ဒီနေရာမှာ ပြင်သင့်တာကို ရဲရဲဝံ့ဝံ့ပြင်ဖို့၊ မပြင်သင့်တာကိုမပြင်မိစေဖို့ပဲ အထူးဂရုပြုရမယ့်ကာလဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ချိန်က တပ်မတော်အကြီးအကဲတစ်ဦးဖြစ်ခဲ့ ဥက္ကဋ္ဌကြီးအပါအဝင် တပ်မတော်ခေါင်းဆောင်ကြီးများဟာ ဖွဲ့စည်းပုံအ ခြေခံဥပဒေပေါ်ပေါက်ရေး၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးရေးတို့ကို ဦးဆေ ဆောင်ရွက်ပေးခဲ့သလို ယနေ့ပြင်သင့်ပြင်ထိုက်တဲ့အချက်များကို ပြင်ဆင်နိုင်ဖို့ကိုလည်း ပြည်ထောင်စုလွှတ်တော်နာယကတစ်ဦးအနေနဲ့ ဦးဆောင်မှုပေးခဲ့ပါတယ်။ ဒါဟာ နိုင်ငံတော်အပေါ်ထာ တပ်မတော်ရဲ့ပုံရိပ်များလည်း ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအ ခြေခံဥပဒေပြင်ဆင်ရေးအဆိုတင်သွင်းတာ၊ အဆိုကိုထောက်ခံတာ၊ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီဖွဲ့စည်းပေးတာ ပြင်ဆင်နိုင် အကောင်အထည်ဖော်မှုကော်မတီ ဖော်ဆောင်ဆောင်ရွက်ပေးတ ဒီနေ့ပြင်သင့်တဲ့အချက်တွေကို ဆွေးနွေးစေခြင်းတို့ဟာ ဥက္ကဋ္ဌကြီးအပါအဝင် ကျွန်တော်တို့ လွှတ်တော်အသီးသီးရဲ့ လွှတ်တော်

ကိုယ်စားလှယ်များရဲ့ သမိုင်းမော်ကွန်းတင်ရမယ့် ဆောင်ရွက်ချက်များလည်း ဖြစ်ပါတယ်။ ပြည်သူတွေရဲ့ဆန္ဒ၊ ပြည်သူတွေရဲ့လိုအပ်ချက်နဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆွေးနွေးမှု ရလဒ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့ ဥပဒေတစ်ရပ်လိုအပ်ချက်အရ ရေးဆွဲကြခြင်း ဖြစ်ပါတယ်။ ဒီဥပဒေမှာ အခန်း ၁၂ ခန်း၊ ပုဒ်မပေါင်း ၃၀ ပါရှိပါတယ်။ ယခုကဲ့သို့ ဥပဒေပြဋ္ဌာန်း ဆောင်ရွက်ထားရှိခြင်းဖြင့် ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ခဲ့သည်များကို ပြည်လုံးကျွတ်ဆန္ဒခံ ယူပွဲကျင်းပပြီး ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ရလဒ်တွေကို လာမယ်ရွေးကောက်ပွဲသက်တမ်းတစ်လျှောက် ပြုပြင်ပြောင်းလဲကျင့်သုံးသွားရမှာဖြစ်ပါတယ်။ အဲ့လို ဆောင်ရွက်ရာမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရဲ့ ရလဒ်ဖြစ်တဲ့ အချို့ကိစ္စရပ်များဟာ ရွေးကောက်ပွဲ မတိုင်မီ အသက်ဝင်နိုင်ပြီး အချို့ကိစ္စရပ်များဟာ လွှတ်တော်ဖွဲ့စည်းပြီးမှ အသက်ဝင်မှာဖြစ်ပါတယ်။ ဆိုလိုတာကတော့ အတည်ပြုခြင်းနှင့် အသက်ဝင်ခြင်းဟာ သီးခြားစီဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ၂၀၀၈ ခုနှစ်မှာ အတည်ပြုနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးစတင်ကျင်းပချိန်မှသာ စတင်အသက်ဝင်လာတ လည်း တွေ့ရှိရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကိုအတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းကို လွှတ်တော်က လက်ခံစဉ်းစား ဆွေးနွေးပေးနိုင်ပါရန် လွှတ်တော်သို့ ဥပဒေကြမ်း ကော်မတီကိုယ်စား တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥပဒေကြမ်းကကော်မတီက ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ပြည့်စုံစုံတင်ပြသွားခဲ့ပါတယ်။ လွှတ်တော ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်အတွက် လိုအပ်လာလျှင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ ပြုလုပ်၍ ကျင်းပပြုလုပ်မှုကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထို့အတူ ယခုအခါ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်အတွင်း ဆွေးနွေးမှု များပြုလုပ်နေပြီး ပေါ်ထွက်လာမည့် ဥပဒေကြမ်းများကို ပြည်လုံးကျွတ်ဆန္ဒခံယူဆောင်ရွက်ရာတွင် ဥပဒေတစ်ရပ်ပြဋ္ဌာန်းထားရှိရန်လိုအပ်ကြောင်း အားလုံးသိရှိပြီး ဖြစ်ပါတယ်။ ထိုဥပဒေအရ ပြည်သူ့

ဆန္ဒခံယူပွဲကို စနစ်တကျ ပြုလုပ်ဆော၊ ရှက်နိုင်ရန်အတွက် မဖြစ်မနေဆောင်ရွက်ရမယ့်ကိ လည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နဲ့အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၁-၁၁-၂၀၁၄ ရက်နေ့ (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေး တင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်ဝ သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၉-၁၀-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူ များကိုလည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ၊ ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်းကောင်းတောင်းရင်း လေးစားစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များနဲ့ အတည်ပြုပြီး ပေးပို့ လာတဲ့ မျိုးစေ့ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့လေ့လာတွေ့ရှိချက်အစီရင်ခံစာအား တင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၇-၁၀-၂၀၁၄ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၈-၁၀-၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော် တွင်ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

၂။ ဤဥပဒေကြမ်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်-

(က) ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံပြောင်းလဲမှုကြောင့် ဌာနနှင့် ရာထူးအခေါ်အဝေါ်၊ အသုံးအနှုန်းများပြင်ဆင်ရန်၊

(ခ) ဖွံ့ဖြိုးတိုးတက်သည့် စီးပွားဖြစ်မျိုးစေ့တင်သွင်းခြင်းနှင့် တင်ပို့ခြင်းလုပ်ငန်းများကို စနစ်တကျစီမံကွပ်ကဲရန်၊

(ဂ) စံချိန်စံညွှန်းပြည့်မီသည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များကို တောင်သူလယ်သမားများဝယ်ယူအသုံးပြုခွင့်ရရှိနိုင်စေရန်၊

(ဃ) ခေတ်စနစ်နှင့်အညီ မျိုးစေ့လုပ်ငန်းများ စ စ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်တို့ဖြစ်ပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၉-၁၀-၂၀၁၄ ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(က) ဤဥပဒေကြမ်းတွင် ပြင်ဆင်သည့် အပိုဒ်ပေါင်း ၁၈ ခုပါရှိပါတယ်။

(ခ) အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များအနက် ၃ ချက်ကို ပြည်သူ့လွှတ်တော်က ဥပဒေကြမ်းကော်မတီက လက်ခံသဘောတူပါတယ်။

(ဂ) အပိုဒ် ၂ မျိုးစေ့ဥပဒေ ပုဒ်မ ၁ ပုဒ်မခွဲ(က) ရှိ ပုဒ်မခွဲ(င-၁)ကို မိဘမျိုးလိုင်းဆိုသည်မှာ အပင်မျိုးမွေးမြူထုတ်လုပ်ရန် မိဘအဖြစ် အသုံးပြုသော မျိုးလိုင်းကို ဆိုသည် ပြင်ဆင်ပါသည်။

(ဃ) ပုဒ်မခွဲ(င-၂) ရှိ နှစ်ကာလတစ်ခုတွင်ဆိုသည့် စကားရပ်ကို နှစ်ကာလတစ်ခုအဖြစ် ပြင်ဆင်ပါသည်။

(င) အပိုဒ် ၃ အဖြစ် မျိုးစေ့ဥပဒေတွင်ပါရှိသော အမျိုးသားမျိုးစေ့ကော်မတီဆိုသည့် စကားရပ်ကို မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်သဖြင့် ဤဥပဒေကြမ်းရှိ အမျိုးသားမျိုးစေ့ကော်မတီဆိုသည့် စကားရပ်များကို မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဆိုသည့် စကားရပ်ဖြင့် အသီးသီး ပြင်ဆင်ပါသည်။

(စ) အပိုဒ် ၄ စာချိုးကို အပိုဒ် ၅ စာချိုးအဖြစ်ပြင်ဆင်ပြီး အမှတ်စဉ် ပြောင်းလဲရမည် စကားရပ်အား ပြောင်းလဲအမှတ်စဉ်ရမည်ဟု ပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၅ ရှိ ပုဒ်မ ၅ ပုဒ်မခွဲ(ဇ) အသစ်ဖြည့်စွက်ခြင်းကို အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိရန် သဘောတူပါသည်။

(ဇ) အပိုဒ် ၅ ကို အပိုဒ် ၆ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းအပိုဒ်ရှိ မျိုးစေ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)တွင် ဆိုသည့်စကားရပ်ကို မျိုးစေ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)တွင်ပါရှိသော ဟုလည်းကောင်း၊ ဟူသောဆိုသည့်စကားရပ်ကို ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အသီးသီးပြင်ဆင်ပါသည်။

(ဈ) အပိုဒ် ၆ ကိုအပိုဒ် ၇ အဖြစ်ပြောင်းလဲအမှတ်စဉ်၍ မျိုးစေ့ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(က)ရှိ အမျိုးသားမျိုးစေ့ကော်မတီသို့ လျှောက်ထားရမည်ဆိုသည့် စကားရပ်ကို မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသို့ လျှောက်ထားရမည်ဟု ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၆ ကို အပိုဒ် ၇ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ မျိုးစေ့ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(ခ)ကို မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားခြင်းနှ စပ်လျဉ်း၍ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီအား သတ်မှတ်ချက်များနှင့်အညီ စိစ် စေပြီး အပင်မျိုးသစ်ကို ပြည်တွင်းသို့ တင်သွင်းခွင့်ရရှိရေးအတွက် ထောက်ခံချက်ထုတ် ပေးနိုင်သည်ဟု ပြင်ဆင်ပါသည်။

(ဋ) အပိုဒ် ၆ ကို အပိုဒ် ၇ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ မျိုးစေ့ဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ(ခ)ကို မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချ စပ်လျဉ်း၍ စမ်းသပ်စိုက်ပျိုးပြီး စိစစ်တင်ပြရန် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ တာဝန်ပေးအပ်ရမည်။ ယင်းသို့တာဝန်ပေးအပ်ရာတွင် စပ်မျိုးမိဘမျိုးလိုင်းနှင့် နှစ်ရှည်

သီးနှံမျိုးသစ်များကို စမ်းသပ်စိုက်ပျိုးခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(ဌ) အပိုဒ် ၆ ကို အပိုဒ် ၇ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ မျိုးစေ့ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(က) နှင့် (ခ)ရှိ မျိုးနှင့်ဆိုသည့်စကားရပ်ကို အပင်မျိုးနှင့်ဟု ပြင်ဆင်ပါသည်။

(ဍ) အပိုဒ် ၉ ကို အပိုဒ် ၁၂ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

ပုဒ်မ ၁၂။ မျိုးစေ့ဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၈)၏နောက်တွင် ပုဒ်မခွဲငယ် ၈-က အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ရမည်-

၈-က။ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ အသိအမှတ်ပြု မှတ်ပုံတင် လက်မှတ်ရရှိထားသော မျိုး အရည်အသွေး စစ်ဆေးခန်း၏ ထောက်ခံချက်၊

(ပ) အပိုဒ် ၁၀ ကို အပိုဒ် ၁၃ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ မျိုးစေ့ဥပဒေပုဒ်မ ၂၈ တွင်ပါရှိသော ကျပ်နှစ်သိန်း ဆိုသည့်စကားရပ်ကို ကျပ်တစ်ဆယ်သိန်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(ဏ) အပိုဒ် ၁၁ ကို အပိုဒ် ၁၄ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ မျိုးစေ့ဥပဒေပုဒ်မ ၂၉ တွင်ပါရှိသော ကျပ်တစ်သိန်းဆိုသည့် စကားရပ်ကို ကျပ်တစ်ဆယ်သိန်းဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(တ) အပိုဒ် ၁၅ ကို အပိုဒ် ၁၈ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ မျိုးစေ့ဥပဒေပုဒ် ၃၄ တွင် ပါရှိသော အစိုးရဌာန၊ အဖွဲ့ အစည်းတစ်ခုခု ဆိုသည့်စကားရပ်ကို အစိုးရဌာနများဟု ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(ထ) အပိုဒ် ၁၇ ကို အပိုဒ် ၂၀ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ မျိုးစေ့ဥပဒေပုဒ်မ ၃၉ ပုဒ်မခွဲ(ခ) ရှိ ဝန်ကြီးဌာနလက်အောက်ဆိုသည့် စကားရပ်ကို ဝန်ကြီးဌာနလက်အောက်ဟု လည်းကောင်း၊ လုပ်ငန်းများက ဆိုသည့်စကားရပ်ကို ဌာနကဟုလည်းကောင်း ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုပေးနိုင် ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မျိုးစေ့ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများ ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကိုတိတိကျကျ ဖော်ပြ၍ ၂၅-၁၁-၂၀၁၄ ရက် (အင်္ဂါနေ့)နောက်ဆုံး ထားပြီးအမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစောလှထွန်းပြောပါ။ ပြန်ပြီးတင်ပြပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မ တင်သွင်းတဲ့ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင် သည့် ဥပဒေမူကြမ်းကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းတင်သွင်းမှုအပေါ် လွှတ်တော်ရဲ့ အဆုံးအဖြတ် ခံယူပေးပါရန်နှင့် ၎င်းဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းတင်ပြခွင့်ပြုရန် တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစောလှထွန်း တင်ပြတဲ့ တင်ပြချက် အပေါ်မူတည်ပြီးတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ) အရ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းမူကြမ်းကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာ ဖတ်ကြားရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

## ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်လေ့လာရေး အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီကိုယ်စား ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကတင်သွင်းသော ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ဖြစ်သည့် ၂၀-၁၁-၂၀၁၄ ရက်နေ့ဖြစ်သည့် ယနေ့၌ လွှတ်တော်တွင် တင်သွင်းခဲ့ပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ကို ပြင်ဆင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၌ ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ ပြင်ဆင်သည့်ပုဒ်မများတွင် ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)အရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး ပြင်ဆင်ရမည့် ပုဒ်မများပါဝင်သည့်အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရန် လုပ်ငန်းစဉ်များကို ဥပဒေအဖြစ်ပြဋ္ဌာန်းရန် လိုအပ်သောကြောင့် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သ‌ဉ ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းကို တင်သွင်းရခြင်းဖြစ်ပါသည်။

၃။ ယခုတင်သွင်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် စိစစ်ဆွေးနွေးညှိနှိုင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး ယင်းဥပဒေကြမ်းတွင် အခန်းပေါင်း ၁၂ ခန်းနှင့် ပုဒ်မပေါင်း ၃၀ ခု ပါရှိပါသည်။

မူကြမ်း

၄။ သို့ဖြစ်ပါ၍ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥ‌ဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းအစီရင်ခံ တင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါသည်။

**ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယခုအစီရင်ခံစာတင်ပြချက်အပေါ် မူတည်ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိ‌ ကျကျဖော်ပြ၍ ၂၁-၁၁-၂၀၁၄ (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းဖို့လည်း အသိပေးကြေညာပြီး ဖြစ်ပါတယ်။

**ဦးယော်ဒီဒွေ၊ ပူတာအိုမဲဆန္ဒနယ်က ရွှေဘို-မြစ်ကြီးနား-ပူတာအို ပြည်ထောင်စုလမ်းမကြီးကို ပြည်ပချေးငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဒို့တာဝန်အရေး(၃)ပါးကိုရှေးရှု၍ အဆင့် မြှင့်တင်ပေးရေး အစိုးရသို့တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တေ ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ဦးယော်ဒီဒွေ၊ ပူတာအို မဲဆန္ဒနယ်က ဥက္ကဋ္ဌထံစာဖြင့် ရေးသားလက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်အဖြစ် တင်ပြလာပါတယ်။ အဆိုမှာ ရွှေဘ -မြစ်ကြီးနား-ပူတာအို ပြည်ထောင်စုလမ်းမကြီးကို ပြည်ပချေးငွေရသည်ဖြစ် မရသည်ဖြစ်စေ၊ ဒို့တာဝန်အရေး(၃)ပါးကို ရှေးရှု၍ အဆင့်မြှင့်တင်ပေးရေး အစိုးရသို့ တိုက်တွန်း ကြောင်းအဆို ဖြစ်ပါတယ်။ ဒီအဆိုကို အရေးကြီးအဆိုအဖြစ် သတ်မှတ်တင်ပြပေးခြင်းဟာ အ

တင်သွင်းတဲ့အခါမှာ သိသာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအဆိုကို တင်သွင်းဖို့ ပူတာအိုမဲဆန္ဒနယ်က ဦးယော်ဒီဒွေ့ကို ဖိတ်ခေါ်ပါတယ်။

**ဦးယော်ဒီဒွေ့(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အရေးကြီးအဆိုတစ်ခု တင်သွင်းသွားမှာ ဖြစ်ပါတယ်။ အဆိုမှာ -မြစ်ကြီးနား-ပူတာအို ပြည်ထောင်စုလမ်းမကြီးကို ပြည်ပချေးငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဒို့တာဝန်အရေး(၃)ပါးကို ရှေးရှု၍ အဆင့်မြှင့်တင်ပေးရေး အစိုးရသို့တိုက်တွန်းကြောင်း အရေးကြီးအဆိုဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ပြည်ထောင်စုလမ်းမကြီးသည် တောင်ဘက်အစွန်ဆုံး ကော့သောင်းမြို့မှ မြောက်ဘက်အစွန်ဆုံး ပူတာအိုမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းမကြီးတစ်ခုဖြစ်ပြီး မိုင်ပေါင်း ၁၈၄၅ မိုင်ရှိကြောင်း လေ့လာသိရှိရပါတယ်။ ပြည်ထောင်စုလမ်းမကြီးသည် ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်တို့ကို အဓိကဖြတ်သန်းဖောက်လုပ်ထားကြောင်း တွေ့ရှိရပါတယ်။ ယခုအခါ ပြည်ထောင်စုလမ်းမကြီး၏ ၁၂၇၇ မိုင်သည် ရာသီမရွေးသွားလာနိုင်သည့်လမ်း ဖြစ်နေပြီဖြစ်ပါတယ်။ စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့မှ ကချင်ပြည်နယ်၊ ပူတာအိုမြို့အထိ မိုင်ပေါင်း ၆၈၂ မိုင်ခန့်ရှိကြောင်း လေ့လာသိရှိရပြီး ၎င်းလမ်းပိုင်းများသည် ခေတ်အဆက်ဆက် ဆောင်ရွက်လာခဲ့သော်လည်း ပြည်သူ့ဘဏ္ဍာငွေ ကုန်ဆုံးပြီး လမ်း၏အခြေအနေမှာ ပိုမိုကောင်းမွန်လာခြင်းမရှိဘဲ ပျက်စီးယိုယွင်းလာနေသည်ကို တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ အထူးတင်ပြလိုတာက ကချင်ပြည်နယ်၊ မြစ်ကြီးနားမှ ပူတာအိုအထိ ၂၁၈ မိုင်သာ ရှိသောလမ်းပိုင်းသည် သက်တမ်း ၇၀ ကျော်ရှိလာပြီဖြစ်သော်လည်း လမ်းနှင့်တံတားများ ပိုမိုကောင်းမွန်လာခြင်းမရှိဘဲ ပိုမိုပျက်စီးဆိုးရွားလာလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါသောကြောင့် ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၃၃)ရက်မြောက်နေ့တွင် မြစ်ကြီးနား -ပူတာအို- ဆွမ်ပရာဘွမ်လမ်းပိုင်းကို အဆင့်မြှင့်တင်ရာတွင် လမ်းပိုင်းသာမက ခံနိုင်ရည်မရှိသောတံတားများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အဆင့်မြှင့်တင်ဆောက်လုပ်ခြင်းကို ပုဂ္ဂလိကကုမ္ပဏီများအား ကန်ထရိုက်စနစ်ဆောက်လုပ်ခွင့်ပေးပြီး ယင်းလုပ်ငန်းများ သတ်မှတ်စံချိန်စံနှုန်းနှင့်အညီ ဆောက်လုပ်မှုရှိ/

ပြည်သူ့ဆောက်လုပ်ရေးမှ လုပ်ငန်းအား စနစ်တကျကြပ်မတ်စစ်ဆေးဆောင်ရွက်စေရေး ဒ စိုးရသို့ တိုက်တွန်းကြောင်းအဆိုတစ်ရပ်ကို တင်သွင်းခဲ့ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးဦးဆောင်သည့်အစိုးရအဖွဲ့ ပူတာအိုသို့ရောက်ရှိလာစဉ် မြို့တော်ခန်းမ၌ကျင်းပ ပြုလုပ်သည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများအား တွေ့ဆုံသည့်အခမ်းအနားတွင် နိုင်ငံ တော်သမ္မတကြီးက ကချင်ပြည်နယ် နယ်စပ်ဖြစ်သော နန့်စီးအောင်မှပူတာအိုမြို့အထိ လမ်းပိုင်း ၃၃၉ မိုင်ကို အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေဖြင့် လမ်းတံတားများ နွေမိုးဆောင် ရာသီမရွေးသွားလာနိုင်ရန် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မိန့်ခွန်းပြောကြားခဲ့ သဖြင့် ဒေသခံပြည်သူတစ်ရပ်လုံး ဝမ်းသာမဆုံးဖြစ်နေကြပြီး နိုင်ငံတော်အစိုးရအဖွဲ့အား ကျေးဇူး အထူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံတော်သမ္မတကြီး၏ ကြီးမားသော မေတ္တာစေတနာနှင့် အခြားနိုင်ငံမှချေးငွေရယူပြီး မြစ်ကြီးနား၊ ပူတာအိုလမ်းနှင့်တံတားများကို အဆင့်မြှင့်တင်ဆောင်ရွက် ပေးသွားတော့မည်ဖြစ်သောကြောင့် လမ်းနှင့်တံတားများဆောက်လုပ်ရာ၌ သတ်မှတ်စံချိန်စံနှုန်းနှ အညီ တည်ဆောက်ပေးစေလိုသဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး(၃၃) ရက်မြောက်နေ့တွင် အရေးကြီးအဆိုတစ်ရပ် တင်သွင်းခဲ့ရခြင်းဖြစ်ပါတယ်။ ကျွန်တော်၏အဆိုနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါတယ်။ ဒုတိယဝန်ကြီး၏ရှင်းလင်းချက်မှာ ကချင်ပြည်နယ်နယ်စပ်ဖြစ်သော နန့်စီးအောင်မှ မြစ်ကြီးနားအထိ လမ်းပိုင်းနှင့် မြစ်ကြီးနားမှ ပူတာအိုအထိ လမ်းပိုင်းအချို့ကို ( မွတ်ဏီများအား BOT စနစ်ဖြင့် လုပ်ပိုင်ခွင့်ပြုသွားမည်ဖြစ်ပြီး လမ်းပိုင်းအချို့ကို ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းအထူးအဖွဲ့ ကတာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့ပါသည်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက အမျိုးသားစီမံကိန်းဖြည့်စွက်ရန်ပုံငွေ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၌ ရှင်းလင်းတင်ပြရာတွင် အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးယူမည့်အစီအစဉ် ပျက် သွားပြီဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှ ဒေါ်လာသန်း ၁၀၀ ချေးယူမည့် အစီအစဉ်ပျက်သွားပြီဆိုပြီး ကချင်ပြည်နယ်လမ်းပိုင်းများကို ပြည်ထောင်စုဘဏ္ဍာငွေမှ ဆောင်ရွက် ပေးရန် အစီအစဉ်မရှိတော့ဘူးလား၊ ချေးငွေရမှ လုပ်မှာလား၊ င်းပဲပစ်ထားတော့မှာလား။

ပွင့်လင်းရာသီအချိန် ငါးလအတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက ပူတာအို ဒေသတစ်ခုလုံး အစစအရာရာ ခက်ခဲမှုများစွာ ကြုံတွေ့ရမည်ဖြစ်ပါတယ်။ နိုင်ငံခြားဈေးငွေကို မျှော်နေမယ်ဆိုရင် လုပ်ငန်းလုပ်ကိုင်ချိန် နောက်ကျနေပြီဖြစ်ပါတယ်၊ ဒါ့ကြောင့် နိုင်ငံတော်အစိုးရက ၂၁၈ မိုင်သာရှိတဲ့ခရီးကို ပြည်ပဈေးငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အကောင်းဆုံးစီမံချက် ရေးဆွဲပြီး ပွင့်လင်းရာသီချိန်အတွင်း အမြန်ဆောင်ရွက်ပေးရန် တင်ပြလိုပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အထူးတင်ပြလိုသည်မှာ ကျွန်တော်တို့ ကချင်ပြည်နယ်က ထုတ်ယူသွားတဲ့ ကျောက်စိမ်း၊ ရွှေနှင့်သတ္တုသယံဇာတတွေ ရောင်းရတဲ့ငွေအရ ပြောရမည်ဆိုရင် ကချင်ပြည်နယ်ကို ဒီ့ထက်မက လုပ်ပေးရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့လုပ်ငန်းရှင်အများစုက ကချင်ပြည်နယ်သယံဇာတတွေကြောင့် ချမ်းသာကြွယ်ဝနေကြတာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအတွင်း လမ်းမကြီးတွေ၊ လေယာဉ်ကွင်းတွေ၊ ရထားလမ်းတွေ၊ ခေတ်မီတံတားကြီးတွေ ဆောက်လုပ်ပေးနေတာလည်း ကချင်ပြည်နယ်ကထွက် သယံဇာတရောင်းရငွေ အများဆုံးပါဝင်နေတာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကချင်ပြည်နယ်ရှိ လမ်းမကြီးများဖြစ်တဲ့ နန့်စီးအောင်မှမြစ်ကြီးနား ၁၂၀ မိုင်၊ မြစ်ကြီးနားမှပူတာအိုအထိ ၂၁၈ မိုင်၊ မြစ်ကြီးနား-တနိုင်း-နန့်ယွန်း လီဒိုလမ်းမကြီးများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရမှ ကချင်ပြည်နယ်အတွင်းရှိ ဤလမ်းမကြီးသုံးခုကို ၎င်း နှင့် တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းများနှင့် အမျိုးသားပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများ၌ များစွာအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကြီးနား-ပူတာအိုမော်တော်ကားလမ်းကို နယ်ချဲ့အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ သူ့ကျွန်ဘဝရောက်ခဲ့တဲ့ ၁၉၄၂ ခုနှစ်တွင် ဖောက်လုပ်ခဲ့ပြီး ထိုအချိန်တွင် မြစ်ကြီးနားမှပူတာအိုသို့ မော်တော်ကားဖြင့် တစ်ရက်တည်းရောက်ရှိနိုင်ကြောင်း သိရှိရပါတယ်။ ယခု သူ့ကျွန်ဘဝမှလွတ်မြောက်ပြီး ကိုယ့်နိုင်ငံကိုယ့်အစိုးရအုပ်ချုပ်လာတဲ့ခေတ် ရောက်လာတဲ့အချိန်ကျမှ ၂၁၈ မိုင်သာရှိသောလမ်းကို နွေမိုးဆောင်းရာသီမရွေး သွားလာနိုင်အောင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိတဲ့အပြင် လမ်းတံတားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုပျက်စီးဆိုးရွားလာလျက်ရှိပါတယ်။ သို့ဖြစ်ပါ သောကြောင့် ရွှေဘို-မြစ်ကြီးနား-ပူတာအို ပြည်ထောင်စုလမ်းမကြီးကို ပြည်ပဈေးငွေရသည်ဖြစ်စေ

မရသည်ဖြစ်စေ ဒို့တာဝန်အရေး(၃)ပါးကို ရှေးရှု၍ အဆင့်မြှင့်တင်ပေးရေး အစိုးရသို့တိုက်တွန်းကြောင်း အရေးကြီးအဆိုကို တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးအင်ဖုန်ဆန်း(မချမ်းဘောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့ တင်သွင်းသွားတဲ့ ရွှေ -မြစ်ကြီးနား-ပူတာအို ပြည်ထောင်စုလမ်းမကြီးကို တိုးတက်ကောင်းမွန်စေဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို မချမ်းဘောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအင်ဖုန်ဆန်း၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကိုအခြေခံပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျ။ ကချင်ပြည်နယ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းသည် အင်္ဂလိပ်အစိုးရလက်ထက် ဖောက်လုပ်ခဲ့သောလမ်းမကြီးဖြစ်ပြီး အင်္ဂလိပ်အစိုးရလက်ထက်နှင့် ပါလီမန်ဒီမိုကရေစီအစိုးရလက်ထက်များမှာဂျစ်ကား၊ ဆလွန်းကားနှင့် အစိုးရစာတိုက်စာပို့ကားများ နွေမိုးဆောင်းရာသီမရွေးကားသွားလာနိုင်သောလမ်းဖြစ်ခဲ့ပါတယ်။ ၁၉၆၀ ခုနှစ်များနောက်ပိုင်း ကချင်ပြည်နယ်အတွင်း မငြိမ်သက်မှုများဖြစ်ပေါ်လာသဖြင့် မြစ်ကြီးနား-ပူတာအိုလမ်းမကြီးကို အဆင့်မြှင့်တိုးချဲ့ဖောက်လုပ်ခြင်း မပြုလုပ်နိုင်တော့ဘဲ လမ်းတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းအားလုံးကို နှစ်ပေါင်းများစွာ ရပ်ဆိုင်းထားခဲ့ရပါတယ်။ ထိုကာလမှာ ပူတာအိုဒေသခံပြည်သူများသည် လေယာဉ်လမ်းတစ်ခုတည်းကိုသာ အားကိုးအားထပြုနေရပါတယ်။ လေယာဉ်နှင့်ခရီးသည်မမျှတမှုကြောင့် လူမှုဒုက္ခအမျိုးမျိုးကြုံတွေ့ခဲ့ရသည်သာမကစားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများကို လေယ ာဉ်တာဖြင့်သာ သယ်ယူပို့ဆောင်နေရသဖြင့် ဒေသခံပြည်သူများသည် နှစ်ပေါင်း ၅၀ ကျော် ကုန်စျေးနှုန်းကြီးမားမှုဒဏ်ကို အလူးအလဲခံနေရဆဲဖြစ်ပါတယ်။ ဤဖြစ်ရပ်များသည် မြစ်ကြီးန -ပူတာအို-ဆွမ်ပရာဘွမ်ကားလမ်း တိုးတက်ကောင်းမွန်အောင် မတည်ဆောက်နိုင်သဖြင့် ဖြစ်ပေါ်လာရသောဆိုးကျိုးများ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပူတာအိုဒေသခံတိုင်းရင်းသားပြည်သူတို့သည် ၁၉၆၄-၁၉၆၅ ခုနှစ်မှစ၍ တပ်မတော်၊ ရဲ၊ ပြည်သူ့စစ် ပူးပေါင်း၍ နယ်မြေတည်ငြိမ်အေးချမ်းအောင် ကာကွယ်စောင့်ရှောက်နိုင်ခဲ့ပါတယ်။ ပူတာအိုဒေသရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ လမ်းပန်းဆက်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်လိမ့်မယ်ဟု ယုံကြည်မျှော်မှန်း၍ မိမိတို့

ဒေသအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းခဲ့ရခြင်းဖြစ်ပါတယ်။ သို့သော် ကချင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မသွေးကြောဖြစ်သော ရွှေး -မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအိုလမ်း အဆင့်တိုးမြှင့်ဖောက်လုပ်ခြင်းမရှိသေးပါသဖြင့် ပူတာအိုဒေသသည် ဖွံ့ဖြိုးမှု၌ နောက်ကျကျန်ရစ်နေဆဲဖြစ်ပါတယ်။ ဒေသခံပြည်သူတို့သည် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်မှု အလွန်နောက်ကျနေးကွေးနေသည်ကို ဆင်ခြင်ထောက်ရှု၍ နိုင်ငံတော်အစိုးရက မိမိတို့နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများအား ပစ်ပယ်ထားသည်ဟု ခံစားကြရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)မှာ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်မည်ဟု အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူတို့၏ သွားလာရေးနဲ့ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့နိုင်စေရန်အတွက် နိုင်ငံခြားအကူအညီငွေ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ပြည်ထောင်စုရန်ပုံငွေဖြင့် အထူးစီမံကိန်းများ ချမှတ်၍ ခက်ခဲသောဒေသများ၏ လမ်းပန်းဆက်သွယ်ရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးနိုင်ပါရန် ပူတာအိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဌေး၏အဆိုကို အလေးအနက် ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားဆွေးနွေးပါ။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးယော်ဒီဌေးမှတင်သွင်းသွားတဲ့ အရေးကြီးအဆိုအား ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ သဘောတူတဲ့အတွက် ကျွန်တော်တို့ဘက်က လိုအပ်တာများကို ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း မှတ်တမ်းတင်ထားရှိပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ဘာကြောင့်အရေးကြီးအဆိုအဖြစ် လက်ခံရတယ်ဆိုတာ အဆိုတင်သွင်း ဆွေးနွေးသွားသူရယ်၊ အဆိုကို ငြ ခံဆွေးနွေးသူရယ်မှာ ပေါ်လွင်ပါတယ်။ သက်ဆို ပြည်ထောင်စုဝန်ကြီးဌာနကတော့ အဆိုကို မှတ်တမ်းတင်ထားဖို့ဆိုလို့ရှိရင် လေးနက်မှုမရှိနိုင်ပါဘူး။ ဒါကြောင့်မို့လို့ အဆိုနဲ့ပတ်သက်ပြီးတော့ အဆိုတင်သွင်းတဲ့ ဦးယော်ဒီဒွေ့အနေနဲ့ အဆိုကို မှတ်တမ်း တင်ထားရှိဖို့နဲ့ အဆိုကိုအတည်ပြုပေးဖို့ အဆိုပြုသူက ပြန်လည်တင်ပြဆွေးနွေးဖို့ ဖြစ်ပါတယ်။ သို့တည်းမဟုတ် ဦးယော်ဒီဒွေ့မဟုတ်သ‌ူ တိုင် တချို့ဒီမှာ မိုက်တောင်းတ ရှိပါတယ်။ ဒီမိုက် တောင်းတဲ့ ပုဂ္ဂိုလ်တွေကတော့ ဦးကျော်နိုင်ဌေး တောင်းတာလား၊ ထိတာလားမသိဘူး။ နောက်တစ်ခါ ပြန်ပျောက်သွားပြီ။ မိုက်တောင်းတာ။ နောက် ဒေါ်ဒွဲဘူ ပြန်ပျောက်သွားပြီ။ ဒါကြောင့်မို့ ခုနက ဦးယော်ဒီဒွေ့ ထပ်ပြီးတော့ အဆိုမပြုခင် ဦးကျော်နိုင်ဌေး ဆွေးနွေးတင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို လေးစားဂါရဝထားကြောင်းပါ။ ကျွန်တော့်အနေနဲ့ ဒီအဆိုနဲ့ပတ်သက်ပြီးတော့မှ အတည်ပြု ဖို့ရန်အတွက် ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီလမ်းရဲ့အရေးပါပုံကတော့ အဆိုရှင်ကင ကျန်တဲ့ထောက်ခံတဲ့ပုဂ္ဂိုလ်ကလည်းပဲ ပြောသွားပြီးဖြစ်ပါတယ်။ ကျွန်တော်ကတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနကို အပြုသဘောနဲ့လိုအပ်ချက်များကို ဝင်ရောက်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေ -ရွှေဘို-မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းဟာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေ အင်းတော်ကို ဖြတ်ပြီးသွားရတာဖြစ်ပါတယ်။ တိုင်းအရတော့ဖြင့် ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးဖြစ်ပါတယ်။ တချို့ကလည်းပဲ စစ်ကိုင်းတိုင်းဒေသကြီးမှာကတော့ဖြစ်ရ ကတ္တရာလမ်းပြည့်စုံနေပြီလို့ ယူဆကြပါတယ်။ ဌာနမှာလည်းပဲ အဲဒီလို ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ လက်တွေ့မှာတော့ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးမှာပါဝင်တဲ့ အင်းတော်မြို့နယ်အပိုင်း၊ နန့်စီးအောင်အထိဆိုတဲ့အပိုင်းဟာ ယနေ့အချိန်အထိ ကျွန်တော်တို့ ပြည့်စုံတဲ့ကတ္တရာလမ်းအဆင့်ကို ကျွန်တော်တို့ မရောက်သေးပါဘူး။ ဆောက်လုပ်ဆဲ၊ ဖောက်လုပ်ဆဲလုပ်ငန်းများလည်း ရှိပါတ သို့သော်လည်းပဲ အချို့ပြီးခဲ့တဲ့ကာလမှာ ကျွန်တော်တို့ ကုမ္ပဏီများကို တင်ဒါနဲ့ လုပ်ကိုင်စေခဲ့တဲ့ နေရာမှာ အတိုင်းအတာကွာခြားချက်တွေအရ ကုမ္ပဏီနှစ်ခုကြားမှာ Gap ကျန်ခဲ့ပြီးတော့မှ တစ်နေရာ မှာဆိုရင် ၃ ဖာလုံလောက်ဟာ မူလအနေအထား လမ်းဟောင်းအတိုင်းပဲ ကျောက်ကြမ်းလမ်းအဆင့် နဲ့ပဲရှိနေတာ ဖြစ်ပါတယ်။ ထို့အတူလည်းပဲ ဆက်လက်ပြီးဆောင်ရွက်ရမယ့် လမ်းမိုင်များကလည်းပဲ မိုင် ၂၀ နီးပါး ကျွန်တော်တို့ စစ်ကိုင်းတိုင်းထဲမှာကိုပဲ ကျန်ရှိနေတုန်းဖြစ်ပါတယ်။ တစ်ခါ ကျွန်တော်တို့

အလွန်အရေးကြီးလှပါတယ်ဆိုတဲ့ ဒီလမ်းမကြီးဟာ ရွှေဘိုကနေ မြစ်ကြီးနားဘက်ကို စထွက်လိုက်ပြီ ဆိုတာနဲ့ လမ်းရဲ့အကျယ်က တော်တော်လေးကို ကျဉ်းပါတယ်။ လမ်းရဲ့အကျယ်က တော်တော်လေး ကျဉ်းရုံတင်မကဘဲနဲ့ ကတ္တရာလမ်းရဲ့ဘယ်ညာမှာ ကျွန်တော်တို့ ကျင်းချိုင့်ကြီးတွေရှိနေတာဖြစ်တဲ့ အတွက် ကား စီးရှောင်ဖို့ရန် အလွန်အင်မတန်ခက်ခဲပါတယ်။ သိကြတဲ့အတိုင်းပဲ ကျွန်တော်တို့ ဒီလမ်းမကြီးကို အသုံးပြုနေကြတဲ့ ကားများဟာလည်းပဲ ဝန်ကြီးဌာနကနေပြီးတော့ ပြောပြခဲ့သလို အလွန်အင်မတန်ကြီးမားတဲ့ကားကြီးတွေ သွားနေတာဖြစ်ပါတယ်။ ရတန မြေကိုသွားတဲ့ ဆီသယ်တဲ့ ယာဉ်တွေ အတော်များများသွားပါတယ်။ အလေးချိန်လည်း တော်တော်များပါတယ်။ ဒီအတွက်လည်းပဲ လမ်းတွေဟာ ကြာရှည်မတည်တံ့ဘဲနဲ့ မြန်မြန်ပျက်လွယ်ရတယ်လို့ ဝန်ကြီးဌာနက ပြောခဲ့ဖူးပါတယ်။ ဒါကြောင့်လည်းပဲ ခင်းပြီးသွားတယ်ဆိုတဲ့ ကတ္တရာလမ်းများမှာလည်းပဲ ဒီနေ့ ပြန်လည်ပြင်ဆင်ဖို့ရာ လိုနေတာတွေအများကြီးရှိပါတယ်။ ဒါရွှေဘိုနဲ့ ကျွန်တော်တို့ နန့်စီးအောင်ထိ လမ်းပိုင်းကို တင်ပြခြင်း ဖြစ်ပါတယ်ခင်ဗျား။ ထို့အတူလည်းပဲ ကျွန်တော်တို့မြို့နယ် နန့်စီးအောင်က နေပြီးတော့ မိုးညှင်းမြို့နယ် အထိကို ဒီနေ့အချိန်အထိ လမ်းကကောင်းကောင်းမွန်မွန်ကတ္တရာလမ်း မဖြစ်သေးပါဘူး။ ဒါပေ ကချင်ပြည်နယ်ထဲကို စရောက်ပါပြီ။ ဒါ ဒီကနေပြီးတော့တစ်ဆင့် မိုးညှင်းကနေပြီးတော့ မိုးကောင်း။ ဒီကြားမှာလည်း လိုအပ်ချက်ရှိတုန်းပါပဲ။ အခုချိန်မှာတော့ ဌာနရဲ့ လုပ်ဆောင်ပေးမှုနဲ့ ကျွန်တော် သိရသလောက်က မိုးကောင်းနဲ့မြစ်ကြီးနားကြားမှာတော့ လမ်းကတော်တော်လေးကို အဆင်ပြေနေ ပါပြီ။ အဲ့ဒီတော့ အတိုချုပ်အားဖြင့်ခင်ဗျ။ ဒီအရေးကြီးအဆိုဟာ တကယ့်ကို အတည်ပြုသင့်တဲ့ အဆို ဖြစ်ကြောင်းနဲ့ အလေးအနက်ထောက်ခံကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးယော်ဒီဒွေ့ရဲ့ သဘောထားပြောပါ။

**ဦးယော်ဒီဒွေ့(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ အဆိုကို လွှတ်တော်ကအတည်ပြုပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးယော်ဒီဒွေ့ တင်သွင်းသွားတဲ့အဆိုနဲ့ စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်းရယူမှာဖြစ်ပါတယ်။ ဦးယော်ဒီဒွေ့တင်သွင်းသွား တဲ့အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဦးယော်ဒီဖွေ့တင်သွင်းတဲ့အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၃၁)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၂)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၂၁-၁၁-၂၀၁၄ (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၁၁း၁၅ နာရီ အချိန်တွင် ရပ်နားပါသည်။]